# မြန်မာ့ရေသယံဇာတ စီမံခံခွဲမှုနှင့် ရေလုပ်သားများ၏ လူမှုစီးပွား ဘဝအခြေအနေများကို လေ့လာခြင်း


Citizen Action for Transparency






# မိတ်ဆက်

Citizen Action for Transparency (CAfT) သည် စစ်အာဏာသိမ်းကာလအတွင်း မြန်မာ့ရေလုပ်ငန်းလည်ပတ်မှုနှင့် ရေလုပ်သားများ၏ လူမှုစီးပွားအခြေအနေများသိရှိနိုင်ရန် ရေလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကြောင်း ပြုလုပ်သော မတူညီသည့် ဒေသ (၃) ခုသို့သွားရောက်ပြီး ထိုဒေသရှိ ရေလုပ်ငန်းများ၊ ရေလုပ်သားများနှင့် ပတ်သက်သော အချက်အလက်များကို သုတေသနများပြုလုပ်ကာ တွေ့ရှိချက်များကို စာတမ်းများ ရေးသားထုတ်ပြန်ခဲ့ပါသည်။ စစ်အာဏာသိမ်းကာလတွင် ငွေကြေးဖောင်းပွမှုနှုန်းမြင့်တက်ခြင်း၊ အခြေခံစားသောက်ကုန်များ ဈေးနှုန်းမြင့်တက်ခြင်းနှင့် လောင်စာဆီအကျပ်အတည်းဖြစ်ပေါ်ခြင်းများ တစ်နှစ်ထက်တစ်နှစ် ပိုမိုဆိုးရွားလာသည်မှာ မျက်မြင်ဖြစ်သည်။ ထိုအခြေအနေများသည် အခြေခံလုပ်သားလူတန်းစားအများဆုံး ပါဝင်လုပ်ကိုင်နေသော မြန်မာ့ရေလုပ်ငန်းအပေါ် မည်မျှအထိရိုက်ခတ်မှုရှိကြောင်း မှတ်တမ်းတင်လိုသောကြောင့် သုတေသနများပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုစာတမ်းများကို Citizen Action for Transparency (CAfT) ၏ Facebook Page နှင့် Website တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယခုစာတမ်းသည် ယခင်က ကောက်ယူပြုလုပ်ခဲ့ပြီးသော ဒေသတစ်ခုသို့ ပြန်လည်သွားရောက်ပြီး အချက်အလက်များ ထပ်မံကောက်ယူပြုလုပ်ထားခြင်းဖြစ်ကာ ၁ နှစ်အတွင်း သိသာထင်ရှားသော ပြောင်းလဲမှုများ၊ အခက်အခဲများ ရှိ/မရှိ နှင့် ထိုအပြောင်းအလဲများ၏ သက်ရောက်မှုကို သိရှိလိုသောကြောင့် ဖြစ်ပါသည်။



## နောက်ခံအကြောင်းရင်း

မြန်မာ့ပင်လယ်ကမ်းရိုးတန်းတလျှောက်ရှိ အသေးစားငါးဖမ်းလုပ်ငန်းသည် ကမ်းခြေတလျှောက် နေထိုင်ကြသော လူများစွာတို့၏ အချိန်ပြည့်၊ အချိန်ပိုင်း (သို့မဟုတ်) ရာသီအလိုက် အရေးပါသော အသက်မွေးဝမ်းကြောင်းလုပ်ငန်းအဖြစ် ရပ်တည်လျှက်ရှိသည်။ ဤလုပ်ငန်းသည် ထိုဒေသရှိ ဒေသခံများအတွက် အခြားအသက်မွေးဝမ်းကြောင်းအလုပ်အကိုင်များ ရရှိရန် ခက်ခဲသည့်အချိန်များတွင် စားနပ်ရိက္ခာအတွက် (ယာယီဖြစ်စေ) အားကိုးမှီခိုရာအလုပ်အဖြစ် အရေးပါစွာ ရပ်တည်လျှက်ရှိသည်။ မြန်မာနိုင်ငံရှိ ရေလုပ်သားအများစုသည် အသေးစားဖြစ်စေ၊ တပိုင်တနိုင်ဖြစ်စေ ကိုယ်ပိုင်ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ကြပြီး ထိုအလုပ်အကိုင်မှ ၎င်းတို့အိမ်ထောင်စုများနှင့် ရပ်ရွာများအတွက် စားနပ်ရိက္ခာရရှိဖူလုံကြသည်။ ထို့မှတဆင့် စီးပွားဖြစ်ဖမ်းယူခြင်း၊ ၎င်းတို့ဖမ်းယူရရှိသော ရေထွက်ပစ္စည်းများကို ပြုပြင်ထုပ်ပိုးပြင်ဆင်ခြင်းနှင့် ဈေးကွက်တင်ရောင်းချခြင်းဖြင့် ငါးဖမ်းလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများသည် ကမ်းရိုးတန်းဒေသများ၊ မြစ်ချောင်းကမ်းဘေးတလျှောက်နှင့် အင်းအိုင်ဒေသများရှိ လူထုအတွက် ဒေသတွင်းစီးပွားရေးကို အထောက်အပံ့ဖြစ်စေပြီး အခြားသော ကဏ္ဍများကိုပါ ကောင်းကျိုးသက်ရောက်မှု ရှိစေသည်။ မြန်မာနိုင်ငံတွင် ရေချိုနှင့်ရေငန် ငါးဖမ်းလုပ်ငန်းနှစ်မျိုးစလုံးရှိပြီး ထိုလုပ်ငန်းနှစ်မျိုးစလုံးသည် နေရာဒေသကို လိုက်၍သော်လည်းကောင်း၊ သက်ဆိုင်ရာ လူမျိုးစုဖွဲ့မှုအရသော်လည်းကောင်း၊ သမိုင်းအစဉ်အဆက် ချိတ်ဆက်မှုကြောင့်လည်းကောင်း၊ ဓလေ့ထုံးတမ်းအယူအဆနှင့် တန်ဖိုးထားစံနှုန်းများအားဖြင့် သော်လည်းကောင်း၊ ရေသယံဇာတပေါကြွယ်ဝမှု အရသော်လည်းကောင်း၊ လုပ်ငန်းအစဉ်အလာကို အခြေခံ၍သော်လည်းကောင်း၊ ကွဲပြားခြားနားလေ့ရှိသည်။ အသေးစားငါးဖမ်းသမားများနှင့် ရေလုပ်သားများအတွက် ငါးဖမ်းလုပ်ငန်းမှာ ဘဝ၏အစိတ်အပိုင်းတစ်ခုဖြစ်ရုံသာမက ကျယ်ပြောသော ဓလေ့စရိုက်များ ပါဝင်ခြင်းကြောင့် မြန်မာနိုင်ငံအတွက် အရေးပါသော လုပ်ငန်းဖြစ်သည်။



## ရည်ရွယ်ချက်

၁။ အသေးစားငါးဖမ်းလုပ်ငန်း အသိုက်အဝန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ရေရှည်တည်တံ့သော စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ရေလုပ်သားများ၏ လူမှုစီးပွားတိုးတက်လာစေရန်။

၂။ တာဝန်ရှိမှု အသိစိတ်ဖြင့် ဆောင်ရွက်ရမည့် ရေလုပ်ငန်းကျင့်ဝတ်များနှင့် ဆက်စပ်လမ်းညွှန်ချက်များကို လိုက်နာခြင်းဖြင့် ရေရှည်တည်တံ့သော သုံးစွဲမှု၊ စီမံခန့်ခွဲမှုနှင့် ရေသယံဇာတများ ထိန်းသိမ်းနိုင်ရန်။

၃။ သဘာဝဂေဟစနစ်နှင့် လိုက်လျောညီထွေမည့် မူဝါဒများ၊ နည်းဗျူဟာများ၊ ဥပဒေမူဘောင်များအား ပေါ်ထွန်းလာစေရန် တွန်းအားပေးပြီး ရေရှည်တည်တံ့၍ တာဝန်ယူမှု အသိစိတ်ရှိသော အသေးစားရေလုပ်ငန်းများ ပေါ်ထွန်းလာရန်။

၄။ အသေးစားရေလုပ်ငန်းများ၏ အရေးပါမှု၊ အတားအဆီးကန့်သတ်ချက်များ၊ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် အခန်းကဏ္ဍများ၊ အခွင့်အလမ်းများ၊ မိရိုးဖလာနည်းလမ်းများနှင့် ပတ်သက်၍ ရေလုပ်သားများ၏ အသိအမြင်ဗဟုသုတများအား မြှင့်တင်ပေးရန်။

၅။ အမျိုးသမီးများဆိုင်ရာ အခွင့်အရေးများကို အားကောင်းခိုင်မာစေပြီး ပိုမိုမြင့်မားသော ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရန်

၆။ အသေးစားငါးဖမ်းလုပ်ငန်းများ တရားဝင်လုပ်ကိုင်ခွင့်ကို သင့်တော်သော (မိရိုးဖလာ ဥပဒေများ အပါအဝင် ) ပြဋ္ဌာန်းခြင်း၊ အသိအမှတ်ပြုပေးခြင်းများ ဆောင်ရွက်ရန်။

၇။ အခြေခံလူတန်းစားများ၏ စားဝတ်နေရေးကို အားကောင်းစွာ ဖြေရှင်းပေးနိုင်သော အသေးစားငါးဖမ်းလုပ်ငန်းများ သင့်တော်ကောင်းမွန်သော ဥပဒေ၊ နည်းဥပဒေများ ဖန်တီးချမှတ်ပေးနိုင်ရန်။



# အချက်အလက်များကောက်ယူပုံနှင့် နည်းစနစ်


ဤစာတမ်းအတွက် အချက်အလက်များကို ရေလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကြောင်း ပြုလုပ်သော ကမ်းရိုးတန်းဒေသရှိ ကျေးရွာအုပ်စု (၃) စုသို့ သွားရောက် ကောက်ယူစုဆောင်းထားပါသည်။ လက်ရှိ နိုင်ငံရေးအခြေအနေကြောင့် အချက်အလက်များကောက်ယူရာတွင် အခက်အခဲများ ရှိခဲ့ပြီး ယခုစာတမ်းတွင် အချက်အလက်များမပြည့်စုံမှုနှင့် လိုအပ်ချက်များ ရှိနေနိုင်ပါသည်။ ထို့ကြောင့် ယခုစာတမ်းပါ တွေ့ရှိချက်များသည် ရေငန်ငါးဖမ်းလုပ်သားများ၏ လူမှုစီးပွားဘဝအခြေအနေအား ပြည့်စုံစွာထင်ဟပ်ဖော်ပြနိုင်ရန် အားနည်းချက်များ ရှိနေနိုင်ကြောင်း ပြောကြားလိုပါသည်။ အချက်အလက်များ ကောက်ယူမှုနည်းစနစ်တွင် မေးခွန်းများကို တစ်ဦးချင်းတွေ့ဆုံမေးမြန်းခြင်း (individual interview) ပြုလုပ်ခြင်းဖြင့် ကောက်ယူစုဆောင်းထားပါသည်။ ဖြေကြားသူများကို ရွေးချယ်ရာတွင် ရေလုပ်ငန်းဖြင့် အသက်မွေးလုပ်ကိုင်သောသူများကို ရွေးချယ်ထားပြီး အလုပ်အကိုင်အတန်းအစား ပါဝင်မှုစုံလင်စေရန် ပိုင်ရှင်နှင့် ရေလုပ်သား နှစ်မျိုးစလုံး မေးမြန်းခဲ့ပါသည်။ ကမ်းရိုးတန်းငါးဖမ်းလုပ်ငန်းတွင် ကျား/မ အသက်အရွယ်အပိုင်းအခြားမျိုးစုံ ပါဝင်လုပ်ကိုင်နေသောကြောင့် မေးခွန်းမေးမြန်းရာတွင် အသက်အရွယ်အပိုင်းအခြားမျိုးစုံ မေးမြန်းခဲ့ပြီး အခြားစံသတ်မှတ်ချက် ကန့်သတ်ထားခြင်းမရှိပါ။ ရေငန်ငါးဖမ်းလုပ်ငန်းတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ဖော်ပြလိုသောကြောင့် ရေလုပ်ငန်းလုပ်ကိုင်သော အမျိုးသမီးများကို မေးမြန်းခွင့်ရရန်လည်း အတတ်နိုင်ဆုံး ကြိုးပမ်းခဲ့ပါသည်။ မေးခွန်းများပြင်ဆင်ရာတွင် ရေလုပ်သားများ လက်ရှိရင်ဆိုင်နေရသော အကျပ်အတည်းနှင့် လူမှုဘဝအခက်အခဲများကို သိရှိထင်ဟပ်စေနိုင်သော မေးခွန်းများ ပြင်ဆင်မေးမြန်းခဲ့ပါသည်။ ဖြေကြားသူများ၏ လုံခြုံရေးစိတ်ချရမှုသည် CAfT ၏ ဦးစားပေးဖြစ်သောကြောင့် data များကောက်ယူခဲ့သည့် ကျေးရွာအမည်၊ တည်နေရာနှင့် ဖြေကြားသူများ၏ ကိုယ်ရေးအချက်အလက်များကို ဤစာတမ်းတွင် ချန်လှပ်ထားခဲ့ပါသည်။



## တွေ့ရှိချက်များ

### ကျောင်းပညာတတ်မြောက်မှုနှုန်း

ဤဒေသတွင် ပညာရေးတတ်မြောက်မှုနိမ့်ပါးကြောင်း တွေ့ရသည်။ အခြေခံ၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းပညာသင်ယူမှုတွင်လည်း အမျိုးသားနှင့်အမျိုးသမီးအချိုးကွာခြားမှု များပြားကြောင်း တွေ့ရသည်။ ထို့အပြင် စာမရေးတတ်မဖတ်တတ်သူအချို့လည်း ရှိနေကြောင်း တွေ့ရသည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် အခြေခံကျသောအုတ်မြစ်ဖြစ်သည့် ပညာရေးရေချိန်နိမ့်ကျမှုသည် ဒေသခံတို့၏ လူမှုစီးပွားတိုးတက်မြင့်မားရေးကို နှောင့်နှေးစေမည်ဖြစ်သည်။





**ပုံ-၁။ ဖြေဆိုသူတို့၏ အတန်းပညာ နှိုင်းယှဉ်ချက်**



## အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှု

ရေငန်ငါးဖမ်းခြင်းကို အဓိကလုပ်ကိုင်သော ထိုဒေသတွင် ငါးဖမ်းခြင်းနှင့်တွဲဘက်၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြသော်လည်း ရာခိုင်နှုန်းမြင့်မားခြင်းမရှိပဲ လယ်ယာပိုင်ဆိုင်မှုအချိုးလည်း နည်းပါးကြောင်း တွေ့ရသည်။ ထို့အပြင် ဒေသတွင်းနေထိုင်သူများအတွက် အခြားအလုပ်အကိုင်အခွင့်အလမ်းများလည်း လွန်စွာနည်းပါးနေကြောင်း တွေ့ရသည်။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းသည် ဒေသခံတို့၏ နေထိုင်မှုအဆင့်အတန်း တိုးတက်စေမှုကို အဟန့်အတားဖြစ်မည်ဖြစ်ပါသည်။





**ပုံ-၂။ ဖြေဆိုသူတို့၏ အလုပ်အကိုင်နှိုင်းယှဉ်ချက်**



## လုပ်သားအင်အားတွင်ပါဝင်နေသော အသက်အရွယ်အပိုင်းအခြား

ကောက်ယူရရှိသော အချက်အလက်များအရ ထိုဒေသရှိ ရေလုပ်ငန်းတွင် သက်လတ်ပိုင်းအသက်အရွယ် (၃၁-၅၀) များ အများဆုံးပါဝင်လုပ်ကိုင်နေပါသည်။ ထို့အပြင် သက်ကြီးလုပ်သား ( ၆၂ အထက် ) များလည်း ပါဝင်လုပ်ကိုင်နေကြောင်း တွေ့ရသည်။ အထက်ပါအချက်များက ထိုဒေသတွင် စီးပွားရေးအခက်အခဲနှင့် စားဝတ်နေရေးကျပ်တည်းမှုများ ရင်ဆိုင်နေရကြောင်း သိရှိနိုင်ပါသည်။




ပုံ – ၃။ ဖြေဆိုသူတို့၏အသက်အပိုင်းအခြား ဖော်ပြချက် (ရခိုင်နှန်း)






**စက်သုံးဆီအကျပ်အတည်း**

ထိုဒေသတွင် ၂၀၂၄ ခုနှစ်အတွင်း စက်သုံးဆီအကျပ်အတည်းမှာ ပိုမိုဆိုးဝါးလာသည်ကို တွေ့ရသည်။ အကျပ်အတည်းဟုဆိုရာတွင် ဈေးနှုန်းလွန်စွာမြင့်တက်ခြင်းနှင့် ပြတ်တောက်ခြင်း( ဝယ်ယူ၍မရခြင်း ) နှစ်မျိုးစလုံး ရင်ဆိုင်ကြရသည်။ စက်သုံးဆီဝယ်ယူသယ်ဆောင်ခွင့်၊ ရောင်းချခွင့်ကို အာဏာပိုင်များမှ တင်းကျပ်စွာ တားမြစ်ထားခြင်းကြောင့် စက်သုံးဆီဈေးနှုန်းသည် မြို့ကြီးများထက် ပိုမိုမြင့်များနေပြီး ဝယ်ယူရရှိရန်လည်း ခက်ခဲသည်။ ရေလုပ်ငန်းပိုင်ရှင်များနှင့် ရေသားများသည် စက်သုံးဆီမရရှိပါက ငါးဖမ်းစက်လှေများဖြင့် ပင်လယ်ပြင်ထွက်ပြီး ငါးဖမ်းထွက်ရန် မဖြစ်နိုင်တော့ပဲ လုပ်ငန်းများသည် ရပ်နားလိုက်ရမည် ဖြစ်သည်။ ငါးဖမ်းခြင်းသည် ၎င်းတို့၏ အဓိကအသက်မွေးဝမ်းကြောင်းဖြစ်သောကြောင့် ထိုသို့ရပ်နားလိုက်ရခြင်းသည် စီးပွားရေးလုပ်ငန်းတစ်ခုတည်းအပေါ်တွင်သာမက ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဘဝများအပေါ်တွင်ပါ ဆိုးကျိုးသက်ရောက်လာမည်ဖြစ်သည်။

*" မနှစ်က အခုလောက်မဆိုးဘူး။ လိုင်စင်နဲ့ အုပ်ချုပ်ရေးမှူး ထောက်ခံစာနဲ့ သယ်လို့ရသေးတယ်။ ပေပါတစ်လုံးကို စစ်တပ်ကို ၃၀၀၀၀ ပေးရတယ်။ ဝယ်ရင်းဈေးက ၇၄၀၀၀၀/၇၆၀၀၀၀ အဲ့လောက်ရှိပြီး သယ်ယူစရိတ်နဲ့ အထွေထွေအပါအဝင် မနှစ်က ခါတ်ဆီတစ်ပေပါကို ၈၀၀၀၀၀ ကျော်အထိ ကုန်ကျသွားတာရှိတယ်။ ဒီနှစ်အလုပ်တွေသာ အကုန်ရပ်သွားရင် ကျောင်းသားတွေလည်း ကျောင်းတက်နိုင်တော့မှာ မဟုတ်ဘူး။ စားသောက်စရိတ်၊ ကျောင်းစရိတ် အကုန်လုံးက ဒီလုပ်ငန်းနဲ့ပဲ ပေးနေရတာ "*



## တရားမဝင်ပေးဆောင်နေရသော ငွေကြေးများ


ထိုဒေသရှိ ရေလုပ်ငန်းရှင်များသည် ၎င်းတို့လုပ်ငန်းလည်ပတ်နိုင်ရန် ဒေသတွင်းရှိ အာဏာပိုင်များအား တရားမဝင်ငွေကြေးပေးဆောင်နေရသည်။ ထိုသို့ပေးဆောင်ရခြင်းတွင် စစ်တပ်၊ ရဲ စသည့်လက်နက်ကိုင် အဖွဲ့အစည်းများ၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပါဝင်ပြီး ငွေကျပ်ထောင်ဂဏန်းမှ သောင်းဂဏန်းအထိ ပေးဆောင်ရကြောင်း တွေ့ရသည်။ လုပ်ငန်းလည်ပတ်ရန် ကုန်ကျစရိတ်များ (စက်သုံးဆီ၊ လှေ၊ ပိုက် စသည်များ) အဆမတန်မြင့်တက်နေချိန်တွင် တရားမဝင်ငွေကြေးများ ပေးဆောင်နေရမှု များပြားနေခြင်းသည် ရေလုပ်ငန်းရှင်များအတွက် နူရာဝဲစွဲလဲရာသူခိုးထောင်း ဆိုသကဲ့သို့ ဝန်ထုပ်ဝန်ပိုးပိုမိုဖြစ်စေသည်။

*" မနှစ်က လိုင်စင်တစ်ခုကို ၃၆၀၀၀ ဆောင်ရတယ်။ တစ်နေရာနဲ့တစ်နေရာ အကောက်မတူဘူး။ ချောင်းဝဂိတ်က တောင်းတယ်။ လမ်းလေးခွက တောင်းတယ်။ လစဉ်ကြေးပေါ့။ ၁ လ ၂ သောင်း။ လမ်းလေးခွက ရေတပ် သူက ၅ သောင်းတဖြတ်, ၃ သောင်းတဖြတ်/ ၂ သောင်းတဖြတ်။ နောက်တခါ သကြိန်နားနီးရင် ၃ သောင်း။ နောက်တခါ ၅ လပိုင်းကုန်ခါနီးမှာ ၃ သောင်း။ ရဲကလည်း မီးစက်အလှူခံဆိုပြီး ၁ သောင်းထည့်ရသေးတယ် "*




### အမျိုးသမီးပါဝင်မှု

ဤဒေသရှိရေလုပ်ငန်းတွင် အမျိုးသမီးများ၏ ပါဝင်မှု အခန်းကဏ္ဍသည် လွန်စွာကြီးမားပြီး မရှိမဖြစ်ဟုပင် ဆိုရမည် ဖြစ်သည်။ အမျိုးသမီးများသည် ပင်လယ်ထဲဆင်းပြီး ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက် ငါးဖမ်းခြင်း မပြုကြသော်လည်း ဖမ်းဆီးရရှိလာသော ငါးများအား အမျိုးအစားခွဲခြင်း၊ နေလှန်းခြင်း၊ ရောင်းချခြင်း စသည့်လုပ်ငန်းစဉ်အစအဆုံး လုပ်ကိုင်ရသည်။ ငါးစတင်ဖမ်းဆီးခြင်းမှ နောက်ဆုံးအဆင့်ဖြစ်သော စားသုံးခြင်း စသည့် ကုန်ထုတ်လုပ်ငန်းတစ်ခုလုံး၏ လုပ်ငန်းစဉ်အားလုံး၏ ၅၀% အထိ အမျိုးသမီးများ၏ လုပ်အားများ ပါဝင်နေခြင်းဖြစ်သည်။ လုပ်ငန်းခွင်အတွင်းကြာမြင့်ချိန်တွင် အမျိုးသားနှင့် အမျိုးသမီးများသည် ကွာခြားမှုရှိရသည့်အကြောင်းရင်းမှာ အမျိုးသားများသည် ပင်လယ်ပြင်သို့ စတင်ငါးဖမ်းထွက်ချိန်နှင့် ပြန်လည်ရောက်ရှိချိန်များကို ထည့်တွက်ထားပြီး အမျိုးသမီးများသည် ငါးရွေးငါးလှန်းအလုပ်ကို အိမ်မှုလုပ်ငန်းတဘက်ဖြင့် (ထမင်းချက်၊ အဝတ်လျှော်၊ သားသမီးကြည့်ရှုစောင့်ရှောက်ခြင်း) လုပ်ကိုင်နေသော်လည်း အိမ်မှုလုပ်ငန်းဆောင်ရွက်ချိန်ကို ၎င်းတို့၏ အလုပ်ချိန်တွင် ထည့်သွင်းတွက်ချက်မထားသောကြောင့် ဖြစ်ပါသည်။ အမျိုးသမီးများသည် လက်တွေ့တွင် အမျိုးသားများထက် အလုပ်ချိန်ပိုမိုကြာမြင့်စွာ လုပ်ကိုင်ရကြောင်း တွေ့ရှိရသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ သို့သော် ဝင်ငွေခွဲဝေဖြန့်ဖြူးမှုနှင့် အမျိုးသားနှင့် အမျိုးသမီးများ၏ လုပ်အားခတွင်မူ ကွာဟမှုကြီးမားနေကြောင်း တွေ့ရသည်။




ပုံ-၄။ ဖြေဆိုသူတို့၏ တစ်ရက်အလုပ်ချိန်နှိုင်းယှဉ်ချက်

*" အမျိုးသားတွေက ပိုးမှာ ပင်လယ်ထဲမှာ ထွက်ပြီးလုပ်ပေးရတယ်။ ကျန်တဲ့ကုန်းပိုင်းရဲ့ အစအဆုံးက အမျိုးသမီးတွေကပဲ အကုန်တာဝန်ယူရတာ။ ငါးလှန်းတယ်၊ ငါးခြောက်ဖြစ်တဲ့အထိ ငါးခြောက်ကိုမှ တခါတလေမှာ ငါးတစ်မျိုးတည်းမပါပဲ ရောနေတာရှိတယ်။ ရောနေတာကြတော့ ငါးသန့်အောင် ရွေးရတာပေါ့။ သူ့အမျိုးအစားအလိုက် လူစာ၊ ကြက်စာ အဲဒါတွေကို ရွေးထုတ်တဲ့အခါကြတော့လည်း အမျိုးသမီးတွေပဲ လုပ်ရတာ "*




**ပုံ-၅။ ဖြေဆိုသူတို့၏ တစ်ရက်ဝင်ငွေနှိုင်းယှဉ်ချက်**




## ခေတ်မှီနည်းပညာနှင့်ကိရိယာများ လက်လှမ်းမှီရရှိမှု

ထိုဒေသရှိ ရေလုပ်သားများသည် ခေတ်မှီနည်းပညာနှင့်ကိရိယာများ လက်လှမ်းမှီရရှိမှု အားနည်းကြောင်း တွေ့ရသည်။ ငါးဖမ်းဆီးရာတွင် ဈေးကွက်အတွင်း အလွယ်တကူ ဝယ်ယူရရှိနိုင်သော ပိုက်များ၊ စက်များကို အသုံးပြုကြသည်။ ခေတ်မှီနည်းပညာဟုဆိုနိုင်သော GPS (Global Positioning System) စက်ကိရိယာများကို စက်လှေများတွင် တပ်ဆင်အသုံးပြု၍ ငါးရှာဖွေခြင်း၊ ကြည့်ရှုခြင်း၊ ဖမ်းဆီးခြင်းများ ပြုလုပ်ကြပြီး GPS အသုံးပြု၍ ဖမ်းဆီးခြင်းသည် ငါးများပိုမိုရရှိကြောင်း တွေ့ရသည်။ သို့သော် GPS ဝယ်စဉ်က ဆိုင်မှပြောကြားချက်အရသော်လည်းကောင်း၊ ယခင်အသုံးပြုဖူးသူများ၏ သင်ပြပေးမှုအရသော်လည်းကောင်း ထိုပြောကြားချက်များအရသာ ကျွမ်းဝင်အသုံးပြု နိုင်ပြီး အခြားနည်းလမ်းဖြင့် အသုံးပြုနိုင်ခြင်း၊ သင်တန်းဖြင့်စနစ်တကျသင်ကြားတတ်မြောက်ခြင်း မရှိကြောင်း တွေ့ရသည်။ ရေလုပ်ငန်းရှင်များနှင့် ရေလုပ်သားများသည် မိုးလေဝသသတင်းများကို မျက်ခြေမပြတ် စောင့်ကြည့်ကြပြီး မိုးလေဝသသတင်းများအတွက် လူမှုကွန်ယက်စာမျက်နှာတစ်ခုဖြစ်သော Facebookပေါ်ရှိ မိုးလေဝပညာရှင်များ၏ ထုတ်နုတ်တင်ပြသော သတင်းအချက်အလက်များကိုသာ ကြည့်ရှုကြရသည်။




## အခြားတွေ့ရှိချက်များ

ထိုဒေသရှိ အသေးစားရေလုပ်ငန်းရှင်များနှင့် ရေလုပ်သားများသည် ရေသယံဇာတ အတက်အကျ၊ ဖမ်းဆီးရရှိမှုပမာဏနှင့် ဈေးကွက်ပေါက်ဈေးအပေါ် တိုက်ရိုက်မှီခိုနေရဆဲဖြစ်သည်။ ငါးဖမ်းခြင်း၊ ပြုပြင်ထုပ်ပိုးခြင်းနှင့် ဈေးကွက်သို့ တင်ပို့ရောင်းချခြင်း လုပ်ငန်းများသည် သိသာထင်ရှားသော ဖွံ့ဖြိုးတိုးတက်မှု မတွေ့ရှိရသေးပေ။ အသေးစားငါးဖမ်းလုပ်ငန်းများသည် လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးနှင့် ဥပဒေမူဘောင်အတွင်းမှ တရားဝင် လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိရေးတို့တွင် အခက်အခဲအဟန့်အတားများဖြင့် ရင်ဆိုင်နေရပါသည်။ ယခုနှစ် (၂၀၂၄) တွင် စက်သုံးဆီအကျပ်အတည်း ပိုမိုမြင့်မားလာခြင်းနှင့် အာဏာပိုင်များအား တရားမဝင်ငွေကြေးများ ပေးဆောင်နေရခြင်းတို့သည် ရေလုပ်ငန်းရှင်များအတွက် ဖူးလေးရာဖရုံဆင့် ဖြစ်စေကြောင်းလည်း တွေ့ရပါသည်။ အမျိုးသမီးလုပ်သားများသည် အိမ်မှုလုပ်ငန်းတဘက်ဖြင့် ရေလုပ်ငန်း၏ လုပ်ငန်းစဉ်တဝက်ခန့်အထိ ပါဝင်လုပ်ကိုင်နေရသော်လည်း ၎င်းတို့၏လုပ်အားခနှင့် ဝင်ငွေသည် လွန်စွာနည်းပါးနေကြောင်း တွေ့ရသည်။ အခြားဝိသေသများအနေဖြင့် ပညာရေးတတ်မြောက်မှု အဆင့်နိမ့်ပါးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ် အားနည်းခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာ အားနည်းချက်များ တွေ့ရပါသည်။ ယခုစာတမ်းအတွက် အချက်အလက်ကောက်ယူရာဒေသသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသဖြစ်ပြီး အခြေခံအဆောက်အဦးကဲ့သို့သော အခြားအခြေခံလိုအပ်ချက်များလည်း နိမ့်ကျနေဆဲဖြစ်သည်။ ဤဒေသရှိ အသေးစားရေလုပ်ငန်းရှင်များနှင့် လုပ်သားများအတွက် အခွင့်အလမ်းများမှာ ကန့်သတ်ချက်ရှိနေပြီး အခြားအလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းရှားပါးခြင်း၊ ကလေးအလုပ်သမားများ ခိုင်းစေမှုများလည်း အနည်းငယ်ရှိနေခြင်း၊ ကုန်သည်များ၏ ဈေးကွက်ခေါင်းပုံဖြတ်မှုများ ရှိနေခြင်း စသည်တို့အပြင် လုံခြုံစိတ်ချရမှုနည်းပါး၍ ကျန်းမာရေးဆိုင်ရာ အကာအကွယ်မဲ့သော အလုပ်ခွင်တွင် လုပ်ကိုင်နေထိုင်ရကြောင်းလည်း တွေ့ရှိရသည်။ ထိုဒေသရှိ ရေလုပ်ငန်းရှင်များနှင့် လုပ်သားများသည် ရေလုပ်ငန်းနှင့်ပတ်သက်သော သင်တန်းများ တက်ရောက်ဖူးကြခြင်းမရှိကြောင်း တွေ့ရသည်။ ၎င်းတို့ကိုယ်တိုင်ကလည်း သင်တန်းများလိုအပ်သည်ဟု မယူဆကြပေ။ ခေတ်မှီနည်းပညာအဖြစ် GPS အသုံးပြုခြင်းရှိသော်လည်း GPS အသုံးပြုနည်းကို တစ်ဦးနှင့်

တစ်ဦး လက်ဆင့်ကမ်းမေးမြန်း၍သာ အသုံးပြုကြသည်။ ရေလုပ်သားအဖွဲ့အစည်းများ ဖွဲ့စည်းထားခြင်းလည်း မတွေ့ရပေ။ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှု၊ ရာသီဥတုဖောက်လွဲဖောက်ပြန်ဖြစ်မှုများနှင့် သဘာဝနှင့်လူတို့မှပြုလုပ်သော သဘာဝဘေးအန္တရာယ်များသည် အသေးစားငါးဖမ်းလုပ်ငန်းများအတွက် ထပ်ဆောင်းခြိမ်းခြောက်မှုများ ဖြစ်သည်။ အထက်ပါအခက်အခဲများ ပေါင်းဆုံခြင်းသည် ထိုဒေသရှိ အသေးစားငါးဖမ်းလုပ်ငန်းများအနေဖြင့် ၎င်းတို့၏လုပ်ငန်းများနှင့် ငါးသယံဇာတများတည်တံ့ရေး၊ တရားဝင်ငါးဖမ်းခွင့်ရရှိရေးနှင့် ရေသယံဇာတများကို အသုံးချခွင့်ရရေးအပြင် မိမိတို့၏အခွင့်အရေးများကို ကာကွယ်ရန် အင်အားနည်းပါးသည့် အခြေအနေများနှင့် ရင်ဆိုင်နေရပါသည်။




## အကြံပြုချက်

၁။ နိုင်ငံ၏ အစားအသောက်လုံခြုံမှုတည်ဆောက်ရာတွင် အခြေခံကျသော ကဏ္ဍမှပါဝင်လျက်ရှိပြီး အလုပ်အကိုင်ဖန်တီးပေးမှုတွင် ကြီးမားသောအထောက်အပံ့ဖြစ်စေသည့် မြန်မာ့ရေလုပ်ငန်းနှင့် ရေထွက်ကုန်ထုတ်လုပ်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရေရှည်တည်တံ့သော စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ရှာဖွေလုပ်ဆောင်ပေးခြင်း

၂။ ရေရှည်တည်တံ့သော သုံးစွဲမှု၊ စီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းမှုများသည် ရေသယံဇာတများ ထိန်းသိမ်းရေးအတွက် အခြေခံကျသော လိုအပ်ချက်ဖြစ်ကြောင်း အသိပညာပေးအစီအစဉ်များအား ရေလုပ်ငန်းရှင်များနှင့် ရေလုပ်သားများအကြား ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ခြင်း

၃။ သဘာဝဂေဟစနစ်နှင့် လိုက်လျောညီထွေမည့် မူဝါဒများ၊ နည်းဗျူဟာများ၊ ဥပဒေမူဘောင်များရေးဆွဲပြီး ထိုမူဝါဒများ၊ ဥပဒေများသည် အသေးစားရေလုပ်ငန်းတိုးတက်ဖွံ့ဖြိုးရေးကိုလည်း အထောက်အကူဖြစ်စေခြင်း

၄။ အသေးစားရေလုပ်ငန်းများအပေါ် တရားမဝင်ငွေကြေးကောက်ခံတောင်းယူမှုများအား ပပျောက်အောင်ဆောင်ရွက်ပြီး ထိုလုပ်ငန်းများ၏ဖွံ့ဖြိုးရေးကို အတားအဆီးဖြစ်စေသော ကန့်သတ်ချက်များအား ဖြေလျှော့ပေးခြင်း

၅။ အမျိုးသမီးများအတွက် ပိုမိုမြင့်မားသော ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း

၆။ ရေလုပ်ငန်းရှင်များနှင့် ရေလုပ်သားများအား ခေတ်မီရေလုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်း၊ အသိပညာပေး သင်တန်းများပို့ချပေးခြင်း

၈။ အခြေခံလူတန်းစားများဖြစ်သော ရေလုပ်သားများ၏ လူမှုအဆင့်အတန်းကို မြှင့်တင်ပေးနိုင်မည့် လူမှုဖွံ့ဖြိုးရေးအစီအစဉ်များ ရှာဖွေထောက်ပံ့ပေးခြင်း

*အထက်ပါအကြံပြုချက်များအား ပြည်တွင်းပြည်ပ ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးသင့်ပါသည်။*

